# အခြင်းအရာ (တော)လေးဆယ် (ဝါ) တောလေးဆယ် ကမ္မဋ္ဌာန်း

**(နာမ်ရုပ်တို့ကိုင်၊ ထိုနာမ်ရုပ်တို့၏ အကြောင်းတရားတို့ကိုင် သိမ်းဆည်းပြီး၍, အပေါင်းအားဖြင့် သုံးသပ်ဆင်ခြင်သော ကလာပသမ္မသန၏ အစွမ်းအားဖြင့် ပြင်းစွာအားထုတ်အပ်သော ယောဂီသည် ခန္ဓာငါးပါး တို့ကို အောက်ပါ အခြင်းအရာ လေးဆယ်တို့ဖြင့် ရှုဆင်ခြင်၏။)**

## အနိစ္စလက္ခဏာ (၁၀)ပါး

**ပဥ္စက္ခန္ဓေ= ငါးပါးသော ခန္ဓာတို့ကို-**

၁။ **အနိစ္စတော**= မမြဲသောကြောင့်၎င်း၊
၂။ **ပလောကတော**= ဗျာဓိ,ဇရာ,မရဏတို့ဖြင့် ပေါက်ကွဲပျက်စီးသည်၏ အဖြစ်ကြောင့်၎င်း၊
၃။ **စလတော**= ဗျာဓိ,ဇရာ,မရဏနှင့် လာဘ,အလာဘစသော လောကဓံတို့ကြောင့် တုန်လှုပ်သည်၏ အဖြစ်ကြောင့်၎င်း၊
၄။ **ပဘင်္ဂုတော**= လုံ့လအားဖြင့်၎င်း, မိမိသဘောအားဖြင့်၎င်း ပျက်လွယ်သောသဘော ရှိသောကြောင့်၎င်း၊
၅။ **အဒ္ဓုဝတော**= မခိုင်ခံ့သောကြောင့်၎င်း၊
၆။ **ဝိပရိဏာမဓမ္မတော**= ဇရာ,မရဏဟူသော နှစ်ပါးသော အဖို့တို့ဖြင့် ဖေါက်ပြန်ခြင်းသဘော ရှိသောကြောင့်၎င်း၊
၇။ **အသာရကတော**= အနှစ်မရှိသောကြောင့်၎င်း၊
၈။ **ဝိဘဝတော**= ကြီးပွားစည်ပင်ခြင်း ကင်းသောကြောင့်၎င်း၊
၉။ **သင်္ခတတော**= အကြောင်းတရားတို့သည် ပေါင်းစု၍ ပြုပြင်စီရင်အပ်သောကြောင့်၎င်း၊
၁၀။ **မရဏဓမ္မတော**= သေခြင်း, ပျက်စီးခြင်းသဘော ရှိသောကြောင့်၎င်း…

**အနိစ္စာတိ= မမြဲဟူ၍။** သမ္မသတိ= သုံးသပ်ဆင်ခြင်၏။ ရှုမြင်၏။

## ဒုက္ခလက္ခဏာ (၂၅)ပါး

၁။ **ဒုက္ခတော**= သည်းခံနိုင်ခဲသည်၏ အဖြစ်ကြောင့်၎င်း (ဝါ) မခံသာသောကြောင့်၎င်း၊
၂။ **ရောဂတော**= မတ်တပ်နာရောဂါနှင့် တူသောကြောင့်၎င်း၊
၃။ **ဂဏ္ဍတော**= အိုင်းအမာနှင့် တူသောကြောင့်၎င်း၊
၄။ **သလ္လတော**= စူးဝင်နေသော ငြောင့်နှင့်တူသောကြောင့်၎င်း၊
၅။ **အဃတော**= မကောင်းမှုနှင့် တူသောကြောင့်၎င်း၊
၆။ **အာဗာဓတော**= မတ်တပ်နာမှကြွင်းသော အခြားသောရောဂါနှင့် တူသောကြောင့်၎င်း၊
၇။ **ဤတိတော**= ဘေးရန်နှင့် တူသောကြောင့်၎င်း၊
၈။ **ဥပဒ္ဒဝတော**= မင်းဘေးမင်းဒဏ်စသော ဥပဒ္ဒဝေါတို့၏ တည်ရာဝတ္ထု ဖြစ်သောကြောင့်၎င်း၊
၉။ **ဘယတော**= ပစ္စုပ္ပန်ဘေး, တမလွန်ဘေးတို့၏ တည်ရာဖြစ်သောကြောင့်၎င်း၊
၁၀။ **ဥပသဂ္ဂတော**= နတ်တို့သည် ကပ်ဆောင်အပ်သည်၏ အဖြစ်ကြောင့် ဖျားနာခြင်းစသော

အစီးအပွါးမဲ့ အားဖြင့်ငှင်း၊

၁၁။ **အတာဏတော**= ဘေးကို မစောင့်ရှောက်တတ်သောကြောင့်ငှင်း၊

၁၂။ **အလေဏတော**= မှီခိုပုန်းအောင်းရာ မဟုတ်သောကြောင့်ငှင်း၊

၁၃။ **အသရဏတော**= ကိုးကွယ်ရာ မဟုတ်သောကြောင့်ငှင်း၊

၁၄။ **အာဒီနဝတော**= အပြစ်အာဒီနဝ ဖြစ်သောကြောင့်ငှင်း၊

၁၅။ **အဃမူလတော**= မကောင်းမှု၏ အရင်းမူလ ဖြစ်သောကြောင့်ငှင်း၊

၁၆။ **ဝဓကတော**= မိတ်ဆွေကဲ့သို့ မျက်နှာချိုလျက် အကျွမ်းဝင်သူကို သတ်တတ်သော သူသတ်ရန်သူနှင့် တူသောကြောင့်ငှင်း၊

၁၇။ **သာသဝတော**= အာသဝေါတို့၏ အာရုံဖြစ်သောကြောင့်ငှင်း၊

၁၈။ **မာရာမိသတော**= မစ္စုမာရ်, ကိလေသာမာရ်တို့၏ သတ်စရာအစာ ဖြစ်သောကြောင့်ငှင်း၊

၁၉။ **ဇာတိဓမ္မတော**= ဖြစ်ခြင်းသဘော ရှိသောကြောင့်ငှင်း၊

၂၀။ **ဇရာဓမ္မတော**= အိုခြင်း, ရင့်ခြင်း, ဟောင်းခြင်းသဘော ရှိသောကြောင့်ငှင်း၊

၂၁။ **ဗျာဓိဓမ္မတော**= နာခြင်းသဘော ရှိသောကြောင့်ငှင်း၊

၂၂။ **သောကဓမ္မတော**= စိုးရိမ်ခြင်းသဘော ရှိသောကြောင့်ငှင်း၊

၂၃။ **ပရိဒေဝဓမ္မတော**= ငိုကြွေးခြင်းသဘော ရှိသောကြောင့်ငှင်း၊

၂၄။ **ဥပါယာသ ဓမ္မတော**= ပြင်းစွာပူပန်ခြင်းသဘော ရှိသောကြောင့်ငှင်း၊

၂၅။ **သံကိလေသ ဓမ္မတော**= ကိလေသာတို့၏ စွဲမှီရာ အာရုံသဘော ဖြစ်သောကြောင့်ငှင်း၊

**ဒုက္ခာတိ= ဆင်းရဲဟူ၍၊** သမ္မသတိ= သုံးသပ်ဆင်ခြင်၏။ ရှုမြင်၏။

## အနတ္တလက္ခဏာ (၅)ပါး

၁။ **ပရတော**= ပြင်ပ သူစိမ်းဖြစ်သောကြောင့်ငှင်း၊

၂။ **ရိတ္တတော**= ဓုဝ, သုဘ, သုခ, အတ္တမှ ကင်းသောကြောင့်ငှင်း၊

၃။ **တုစ္ဆတော**= ဓုဝ, သုဘ, သုခ, အတ္တ မမှီး အချည်းနှီးဖြစ်သောကြောင့်ငှင်း၊

၄။ **သုညတော**= သာမီ, နိဝါသီ, ကာရက, ဝေဒက, အဓိဋ္ဌာယကဟု တိတ္ထိတို့သည် ကြံဆအပ်သော အတ္တမှ ဆိတ်သုဉ်းသောကြောင့်ငှင်း၊

၅။ **အနတ္တတော**= အတ္တမဟုတ်သည်၏ အဖြစ်ကြောင့်ငှင်း၊

**အနတ္တာတိ= အတ္တမဟုတ်, အတ္တမရှိဟူ၍၊** သမ္မသတိ= သုံးသပ်ဆင်ခြင်၏၊ ရှုမြင်၏။

# တောလေးဆယ် အဓိပ္ပါယ်ဖွင့်ဆိုချက်…

၁။ အနိစ္စတော= ဘင်ခဏကို မလွတ်သောကြောင့်၎င်း၊ ဥပါဒ်ခဏ, ဘင်ခဏရှိသောကြောင့်၎င်း
အနိစ္စအားဖြင့် ရှု၏။

၂။ ဒုက္ခတော= ဖြစ်ခြင်း,ပျက်ခြင်းသဘောတို့ မပြတ်နှိပ်စက်အပ်သောကြောင့်၎င်း၊ ဒုက္ခအပေါင်း၏
တည်ရာဖြစ်သောကြောင့်၎င်း ဒုက္ခအားဖြင့် ရှု၏။

၃။ ရောဂတော= အနာရောဂါ၏ အကြောင်းဖြစ်သောကြောင့် အနာအားဖြင့် ရှု၏။

၄။ ဂဏ္ဍတော= ကိလေသာတည်းဟူသော မစင်ကြယ်သော ဝတ္ထုတို့ ယိုစီးတတ်သည်၏ အဖြစ်ကြောင့်
၎င်း၊ ဥပါဒ်,ဌီ,ဘင်ခဏတို့ဖြင့် ဖူးဖူးယောင်သည်၏အဖြစ်, ရင့်သည်၏အဖြစ်, ပေါက်ကွဲ
သည်၏ အဖြစ်ကြောင့်၎င်း အိုင်းအမာအားဖြင့် ရှု၏။

၅။ သလ္လတော= နှိပ်စက်ခြင်းကို ဖြစ်စေတတ်သောကြောင့်၎င်း၊ အတွင်း၌ ထိုးကျင်တတ်သည်၏ အဖြစ်
ကြောင့်၎င်း၊ နုတ်ပယ်နိုင်ခဲသောကြောင့်၎င်း ဆူးငြောင့်အားဖြင့် ရှု၏။

၆။ အဃတော= ကဲ့ရဲ့အပ်သောကြောင့်၎င်း၊ ဆင်းရဲပင်ပန်းခြင်း၏ အကြောင်းဖြစ်သောကြောင့်၎င်း
ဆင်းရဲသောအားဖြင့် ရှု၏။

၇။ အာဗာဓတော= အလိုရှိတိုင်း နေရခြင်းကို မဖြစ်စေတတ်သောကြောင့်၎င်း၊ အနာလျှင် နီးစွာသော
အကြောင်းရှိသောကြောင့် အနာရောဂါအားဖြင့် ရှု၏။

၈။ ပရတော= အလိုသို့ မလိုက်သောကြောင့်၎င်း၊ မစီရင်အပ်သောကြောင့်၎င်း ပြင်ပသူစိမ်းအားဖြင့် ရှု၏။

၉။ ပလောကတော= ဗျာဓိ, ဇရာ, မရဏတို့ဖြင့် ခဏိကဘင်အားဖြင့် ပျက်ခြင်း၊ အဆုံးစုတိအားဖြင့်
အလုံးစုံ ပျက်စီးတတ်သောကြောင့် ပျက်စီးသောအားဖြင့် ရှု၏။

၁၀။ ဤတိတော= များစွာသော ပျက်စီးခြင်းကို ဆောင်တတ်သောကြောင့် ဘေးရန်အားဖြင့် ရှု၏။

၁၁။ ဥပဒ္ဒဝတော= ခပ်သိမ်းသော ဥပဒ္ဒဝေါတို့၏ အကြောင်းဖြစ်သောကြောင့် ဘေးရန်အားဖြင့် ရှု၏။

၁၂။ ဘယတော= အလုံးစုံသောဘေးတို့၏ တည်ရာဖြစ်သောကြောင့်၎င်း၊ ဒုက္ခငြိမ်းရာဖြစ်သော နိဗ္ဗာန်၏
ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၎င်း ဘေးအားဖြင့် ရှု၏။

၁၃။ ဥပသဂ္ဂတော= များလှစွာသော အကျိုးမဲ့တရားတို့သည် အစဉ်လိုက်တတ်သောကြောင့်၎င်း၊ အပြစ်
တို့သည် မပြတ်ကပ်၍တည်ခြင်း၏ အကြောင်းဖြစ်သောကြောင့်၎င်း ဘေးရန်ကဲ့သို့ ရှု၏။

၁၄။ စလတော= ဗျာဓိ, ဇရာ, မရဏတို့ဖြင့်၎င်း၊ လာဘ်ရခြင်း, မရခြင်းစသော လောကဓံတရားတို့ဖြင့်၎င်း
တုန်လှုပ်သောအားဖြင့် ရှု၏။

၁၅။ ပဘင်္ဂုတော= မိမိလုံ့လ, သူတပါးလုံ့လအားဖြင့်၎င်း၊ မိမိတို့ သဘောကိစ္စအားဖြင့် ပျက်စီးခြင်းသို့
ရောက်တတ်သောကြောင့် ပျက်စီးခြင်းသို့ ရောက်သောအားဖြင့် ရှု၏။

၁၆။ အဒ္ဓုဝတော= မြဲသည်၏အဖြစ် မရှိသောကြောင့် မမြဲသောအားဖြင့် ရှု၏။

၁၇။ အတာဏတော= စောင့်ရှောက်ခြင်းမှ ကင်းသည်၏အဖြစ်ကြောင့်၎င်း၊ ဘေးကင်းရာကို မရနိုင်
သောကြောင့်၎င်း အစောင့်အရှောက် မရှိသောအားဖြင့် ရှု၏။

၁၈။ အလေဏတော= ပုန်းအောင်းလိုသူတို့အား ပုန်းအောင်းခြင်းငှာ မစွမ်းနိုင်သောကြောင့် ပုန်းအောင်း
ရာ မဟုတ်သောအားဖြင့် ရှု၏။

၁၉။ အသရဏာတော= အားကိုးကုန်သောသူတို့အတွက် ဘေးရန်ကို မဖျက်ဆီးနိုင်သောကြောင့် ကိုးကွယ်ရာမဟုတ်ဟု ရှု၏။
၂၀။ ရိတ္တတော= တိတ္ထိတို့ကြံဆအပ်သော ခုဝ,သုဘ,သုခ,အတ္တတို့မှ ကင်းဆိတ်သောကြောင့် ကင်းဆိတ်သောအားဖြင့် ရှု၏။
၂၁။ တုစ္ဆတော= ခုဝ,သုဘ,သုခ,အတ္တတို့မှ ကင်းဆိတ်သောကြောင့် ကင်းဆိတ်သောကြောင့်သာလျှင် အချီးနှီးအားဖြင့် ရှု၏။
၂၂။ သုညတော= သာမီအတ္တ, နိဝါသီအတ္တ, ဝေဒကအတ္တ, ကာရကအတ္တ, အဓိဋ္ဌာယကအတ္တတို့မှ ကင်းသည်၏အဖြစ်ကြောင့် သုညအားဖြင့် ရှု၏။
၂၃။ အနတ္တတော= အတ္တမဟုတ်သောကြောင့် အနတ္တအားဖြင့် ရှု၏။
၂၄။ အာဒီနဝတော= အကြောင်းအကျိုး မပြတ်စပ်သော ပဝတ္တိဒုက္ခ၏အဖြစ်ကြောင့်၊ ဒုက္ခ၏လည်း အပြစ်၏အဖြစ်ကြောင့် အပြစ်အားဖြင့် ရှု၏။
၂၅။ ဝိပရိဏာမဓမ္မတော= ဦခဏအားဖြင့်၎င်း, ဘင်ခဏအားဖြင့်၎င်း နှစ်ပါးအားဖြင့် ဖေါက်ပြန်တတ်သောကြောင့် ဖေါက်ပြန်တတ်သောအားဖြင့် ရှု၏။
၂၆။ အသာရကတော= အားနည်းသောကြောင့်၎င်း, အကာကဲ့သို့ သုခကို ဖျက်ဆီးတတ်သောကြောင့်၎င်း အနှစ်မရှိသောအားဖြင့် ရှု၏။
၂၇။ အဃမူလတော= ဆင်းရဲခြင်း၏ အကြောင်းဖြစ်သောကြောင့် ဆင်းရဲခြင်း၏အကြောင်းအားဖြင့် ရှု၏။
၂၈။ ဝဓကတော= မျက်နှာသိမိတ်တွေ ရန်သူကဲ့သို့ အကျွမ်းဝင်သူကို သတ်တတ်သောကြောင့် သူသတ်သမားအားဖြင့် ရှု၏။
၂၉။ ဝိဘဝတော= ကြီးပွားစည်ပင်ခြင်း ကင်းသောကြောင့် ပွားစီးခြင်းမရှိသောအားဖြင့် ရှု၏။
၃၀။ သာသဝတော= အာသဝေါတရားတို့၏ အာရုံဖြစ်သောကြောင့် သာသဝဟု ရှု၏။
၃၁။ သင်္ခတတော= အကြောင်းတရားတို့သည် ပေါင်းစု၍ ပြုပြင်စီရင်အပ်သောကြောင့် သင်္ခတအားဖြင့် ရှု၏။
၃၂။ မာရာမိသတော= ကိလေသမာရ်, မစ္စုမာရ်တို့၏ သုံးသပ်ရာဖြစ်သောကြောင့် ၂-ပါးသော မာရ်တို့၏ သုံးသပ်အပ်သောအားဖြင့် ရှု၏။
၃၃။ ဇာတိဓမ္မတော= ဖြစ်ခြင်း သဘောရှိသောကြောင့် ဇာတိသဘောအားဖြင့် ရှု၏။
၃၄။ ဇရာဓမ္မတော= အိုခြင်း သဘောရှိသောကြောင့် ဇရာသဘောအားဖြင့် ရှု၏။
၃၅။ ဗျာဓိဓမ္မတော= နာခြင်းသဘောရှိသောကြောင့် ဗျာဓိသဘောအားဖြင့် ရှု၏။
၃၆။ မရဏဓမ္မော= သေခြင်းသဘောရှိသောကြောင့် မရဏသဘောအားဖြင့် ရှု၏။
၃၇။ သောကဓမ္မတော= စိုးရိမ်ခြင်းသဘောရှိသောကြောင့် သောကသဘောအားဖြင့် ရှု၏။
၃၈။ ပရိဒေဝဓမ္မတော= ငိုကြွေးခြင်းသဘောရှိသောကြောင့် ပရိဒေဝသဘောအားဖြင့် ရှု၏။
၃၉။ ဥပါယာသဓမ္မတော= ပြင်းစွာပူလောင်ခြင်း သဘောရှိသောကြောင့် ဥပါယာသသဘောအားဖြင့် ရှု၏။
၄၀။ သံကိလေသဓမ္မတော= တဏှာဒိဋ္ဌိ ကိလေသာတို့၏ အာရုံဖြစ်ခြင်းကြောင့် ညစ်ညူးခြင်းသဘောရှိသော သံကိလေသအားဖြင့် ရှု၏။